ဖယ်ခုံမြို့နယ်

နောင်လိုင်ကျေးရွာအုပ်စု

နောင်လိုင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)

(၂၀၁၈-၂၀၂၂) ခုဘဏ္ဍာရေးနှစ်



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖယ်ခုံမြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊နောင်လိုင်ကျေးရွာ

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာ လ

မတိကာ

စကားချီး

နောင်လိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊နောင်လိုင်ကျေးရွာအုပ်စု၊ဖယ်ခုံမြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရသီဥတုနှင့်မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်ရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု -လမ်း၊တံတား၊လျှပ်စစ်မှုအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟို အဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်အကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး

(ခ) ကဏ္ဍာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း၊

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် ချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေးကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးမည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း၊

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) စီမံချက် ဇယားများ

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃)လုပ်ငန်းနှင့် ကျားမအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား(၇) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား(၁၀)ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများ
(၂) လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၁၁)ကျေးရာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား(၁၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄)ကျေးရွာ၏ရေ အရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅)အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇)သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉)မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ
ဇယား(၂၀)မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၁)မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား(၂၃)စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊
ပြဿနာနှင့် အခက်အခဲများ
ဇယား(၂၄) ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား(၂၅) ရွှေပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း
ဇယား(၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား(၂၇)ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား(၂၈)ငွေးကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့
အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀)မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား(၃၁)ကျောင်းတက်နှုန်း
ဇယား(၃၂)စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှု
ဇယား(၃၃)ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄)အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲသော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆)ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇)သောက်သုံးရေ ရရှိမှု
ဇယား(၃၈)အိမ်သာအမျိုးအစား
ဇယား(၃၉)ကျား-မရေးရာ
ဇယား(၄၀)ကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁)ကျေးရွာ၏တံတားတည်ရှိမှု
ဇယား(၄၂)ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၄၃)သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄)လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၄၅)ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဆိုင်ရာနည်းပညာ
ဇယား(၄၆)ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၇)ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား(၄၈)မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ ၂၀၁၉ မှ ၂၀၂၁-၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုကိုယ် တိုင်ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ရွေးဦးစွာအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါ သည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော သက်ဆိုင်ရာဝန်ထမ်းများနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာ သားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ် စွာလေ့ကျင့် သုံးစွဲလုပ်ဆောင်ခြင်း နည်းပါးပါသည်။တစ်ရွာလုံးရှိပြည်သူများအားလုံးပူး ပေါင်းပါဝင်ပြီး ကျေးရွာ စီမံကိန်းများရေးဆွဲခြင်း နည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေး နွေးအဖြေရှာတတ်လာ စေရေးအတွက် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းရေးဆွဲရေး ဝန်ထမ်းများ၊ကျေးရွာသူ၊ကျေးရွာသားများနှင့် တွဲဖက်လုပ်ဆောင်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကိုသိရှိခြင်းသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲသို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများထံမှ ရယူရန်လိုအပ်ကြောင်း ကောင်းစွာသိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုနောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအ ချက်အလက်များ ထပ်ဖြည့်ပေးခြင်း၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ် မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ဆက်လက်လုပ်ဆောင် သွားရန်လည်း လိုအပ်နေပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန် အ တွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အ ဆင့်အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင် မည်ဟုမျှော်လင့်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပြီး အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ် အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်လိုင်ကျေးရွာ

နောင်လိုင်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ၊စက်တင်ဘာလ ( ) ရက် ဖယ်ခုံမြို့နယ်

နောင်လိုင်ကျေးရွာအုပ်စု၊နောင်လိုင်ကျေးရွာ သယ်ဇာတပြမြေပုံ၊



ရည်ညွှန်း - နောင်လိုင်ကျေးရွာအုပ်စု၊နောင်လိုင်ကျေးရွာ၊ ဖယ်ခုံမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်း မှ ရယူသည်။(၂၀၁၈ ခုနှစ် ၉-၁၀၊ဇူလိုင်လ)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ် နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေး ရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း ကို သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့ နေရ သောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပုံအပိုးဖြစ် စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ် တာကာလတွင် ရရှိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေ နှင်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ စသည့်အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီ များ ကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့် ၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တစ်ကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်လာရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာဒွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာဘဏ်၊အရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပိုမိုဆောင်ရွက်လာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံ သက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ် တိုင်တတ်နိုင်သော ဒွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင့်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းများအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တစ်ဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

နောင်လိုင်ကျေးရွာသည်ရှမ်းပြည်နယ်တောင်ပိုင်း၊တောင်ကြီးခရိုင်၊ဖယ်ခုံမြို့နယ်အတွင်း၊ နောင်လိုင်ကျေးရွာအုပ်စုတွင် တည်ရှိပြီး၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၄ မိနစ်မှ ၁၉ ဒီဂရီ ၀၉ မိနစ်နှင့် အရှေ့ လောင်းဂျီတွဒ် ၉၇ ဒီဂရီ ၀၄မိနစ်မှ ၂၁ ဒီဂရီ ၂၄ မိနစ်အတွင်းတည်ရှိပါသည်။ ဆင်ဖြူကျေးရွာသည် လွိုင်ကော် - တုံဟုံး - ညောင်ရွှေ ပြည်ထောင်စုလမ်းမကြီးဘေးနှင့် ဖယ်ခုံအင်း(မိုးဇြဲဆည်)ဘေးတွင်တည် ရှိပါသည်။ဖယ်ခုံမြို့မှ ကုန်းလမ်းခရီးလျှင်(၁၇/၀)မိုင် ကွာဝေးပြီး၊ရေလမ်းခရီးလျှင်(၄/၀)မိုင်ကွာဝေး ပါသည်။ပင်လယ်ရေမျက်နှာပြင် အထက်အမြင့် ပေမှာ(၂၉၅၀)ပေတွင်တည်ရှိ၍ မြေမျက်နှာသွင် ပြင်မှာ တောင်ကုန်း၊တောင်စောင်းများ ပြားပါသည်။ ရာသီဥတုမှာ ခြောက်သွေ့သော မုတ်သုန်ရာသီဥတုဖြစ်သည်။ အမြင့်ဆုံးအပူချိန်မှာ(၃၈)ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ(၈)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ မိုးရွာသွန်းမှုအနဖြင့် မိုးရေချိန် (၄၃.၁၉)လက်မရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်သောကျေးရွာဖြစ် ၍ လယ်မြေ(၃၅၈.၅)ဧက၊ယာမြေ(၅၉၇)ဧက နှင့် အိမ်ခြံဝိုင်း စိုက်ခင်းမြေများပိုင်ဆိုင်ပါ သည်။ စိုက်ပျိုးမြေများရေအရင်းအမြစ်ရရှိနိုင်မှုမှာ ကျေးရွာ၏နောက်ဘက် ကပ်လျက်ရှိ ဖယ်ခုံအင်း(မိုးဇြဲဆည်)ရေနှင့်ကျေးရွာအရှေ့ဘက်ရှိ နောင်လိုင်ဆည်တွင် အဓိကထား စိုက်ပျိုးရပါသည်။ ကျေးရွာအနီး တစ်ဝိုက်တွင်ဒေသတွင်းအဆောက်အဦများဆောက်လုပ်ရာတွင် အသုံးပြုသည့် ကျောက်များ၊ကျောက် စရစ်များလည်းရွာအရှေ့ဘက်ရှိတောင်ကုန်းတွင်ထွက်ရှိပြီး၊ သဲများအနေဖြင့် ဖယ်ခုံ/မိုးဇြဲမြို့သို့မှာယူသုံးစွဲနေရပါသည်။

အခြားသော သဘာဝအပင်မျိုးစိတ် များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်သာတွေ့ရှိရပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝပေါက်ပင်များမှာ အင်ဂျင်းပင်၊ အင်ပင်လည်းများအား ရပ်မိရပ်ဖများမှ ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

နောင်လိုင်ကျေးရွာတွင် အိမ်ထောင်စု(၁၂၁)စုရှိပြီး၊ လူဦးရေမှာ စုစုပေါင်း(၅၅၃)ဦးရှိပါသည်။ မျှမ်းမျှ တစ်အိမ်ထောင်စုလျှင် (၄ - ၅)ဦးအထိရှိပါသည်။ အသက်(၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ(၆၆%)ရှိပြီး၊ (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၄)နှစ်အထက် လူဦးရေ (၃၄%)ဦးရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာရှိအိမ်ထောင်စုများ၏အဓိကဝင်ငွေရလုပ်ငန်းများမှာ စပါး ၊ပြောင်း၊ကုလားပဲ၊ ပဲစင်းငုံများစိုက်ပျိုးကြပါသည်။ကျေးရွာအိမ်ထောင်စုများ၏ ဥစ္စာဓန အဆင့်ကို ကျေးရွာသူ/သားများကိုယ်

တိုင်းသတ်မှတ်သည်မှာ အိမ်ထောင်စု(၁၁၁)စု၏(၄%)ခန့်သည့် မြေမဲ့ယာမဲ့များ၊ကျပန်းအလုပ်သမားများဖြစ်ကြပြီး(၃၈%)သည် လယ်ယာ(၁မှ၄)ဧကအောက်ပိုင်ဆိုင်၍၊(၅၀%)သည်(၅ဧကမှ ၁၀ဧက)ကြားတွင်ပိုင်ဆိုင်ကြပြီး၊(၈%) သည် (၁၃)ဧကနှင့်အထက်တွင်ပိုင်ဆိုင်ကြပါသည်။ ကျေးရွာအနေဖြင့် လယ်ယာမြေများအား ထွန်စက်၊လက်တွန်းထွန်စက်၊ အစေ့ချကိရိယာ၊ရိတ်သိမ်း ခြွေလှေ့စက်၊ရေစုပ်စက်များဖြင့် ထွန်ယက် စိုက်ပျိုး၊ရိတ်သိမ်းကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့်အလွန်ဆင်းရဲအဆင့်အိမ်ထောင်စု(၃၀)စုတို့၏ ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်ယူကြည့်ရာတွင်(၂၅%)သည် ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံပြီး၊(၇၅%)အိမ်ထောင်စုများမှာ ဖြလနှင့်၁၂ လအထိ ဝမ်းစာဖူလုံမှုရှိကြသည်။

(ဃ) ကျန်းမာရေးနှင့်အဟာရ

ကျေးရွာတွင်းတွင် ဝမ်းလျော၊ဝမ်းပျက်၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများကို ၊မိုးဦးကျရာသီများတစ်ချို့ဖြစ်ပွားသည်ကိုလည်းတွေ့ရှိရပါသည်။အခြားကြီးမားသောရောဂါများဖြစ်ပွားသည်ကိုမတွေ့ရပေ။ကျန်းမာရေးပြဿနာများကြီးကြီးမားမားဖြစ်ပွားမှုမရှိသော်လည်းတစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာသန့်ရှင်းရေး၊ကျန်းမာရေးနှင့်ညီညွတ်စေသည့် အစားအစာများ စာသုံးခြင်း၊အရက်သေစာ သောက်သုံးခြင်းအန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးပွားရန် လိုအပ်နေသေးကြောင်း ကျေးရွာရှိပြည်သူများ၏ နေထိုင်မှုပုံစံများကိုကြည့်ခြင်းဖြင့် သိရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင်စာလုံးဝမတတ်သူဦးရေမှာ ကျေးရွာလူဦးရေ၏၁၄% ရှိပြီး၊ စာမတတ်သူဦးရေမှာအမျိုးသမီးကပိုမိုများပြားပါသည်။ မူလတန်းအဆင့် ရှိသူဦးရေမှာ ၃၁%ရှိပြီး၊ အလယ်တန်းအဆင့်ရှိသူဦးရေမှာ ၂၄% ရှိပြီး၊ အထက်တန်းဆင့်ရှိသူဦးရေမှာ ၂၁ % ၊တက္ကသိုလ်အဆင့်ရှိသူဦးရေမှာ ၁၀% ရှိသည်ကိုတွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်းအဖွဲ့အစည်းများအသီးသီးတွင် အမျိုးသမီးများပါဝင်မှုသည် အမျိုးသားများထက်အားနည်းနေသေးသည်ကိုတွေ့ပြီး၊ သီးနှံ စိုက်ပျိုး၊ရိတ်သိမ်းခြင်းလုပ်ငန်းခွင်များတွင် အမျိုးသမီးများနှင့်အမျိုးသားများ တန်းတူလုပ်ကိုင် ကြပါသည်။

(ဇ) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

နောင်လိုင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

နောင်လိုင်ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီး၊ CAအသင်း၊ Clean Naung Hlaing Groupစသည်ဖြင့်ဖွဲ့စည်းထားပြီး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ပြင်ပအနေဖြင့် ဂရုဏာအဖွဲ့ တို့ ဖွဲ့စည်းထားကြပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ပြောင်း တို့ဖြစ်ပါသည်။ နောင်လိုင်ကျေးရွာတွင် လယ်မြေစိုက်ပျိုးသည့်ဧက (၃၅၈.၅)၊ယာမြေဧက (၅၉၇) ခန့်ရှိပါသည်။ ကျေးရွာအနေဖြင့် အဓိကစိုက်ပျိုးသီးနှံထွက်ကုန်များအား ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် ဈေး ကောင်းခရခြင်း၊ ပွဲစား များမှဈေးနှိမ်၍ဝယ်ယူခြင်း စသည့်အခက်အခဲများကြုံတွေ့နေရပါသည်။ ထို့ကြောင့်အဓိက သီးနှံများအပြင် အခြားသောသီးနှံများ၊နှစ်ရှည်ပင်များတစ်ပိုင်တစ်နိုင်ဖြင့်သော် လည်းကောင်း ၊စီးပွားဖြစ်သော်လည်းကောင်းလုပ်ကိုင်နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ၊ အော်ဂဲနစ်ဖြင့် စိုက်ပျိုးခြင်းနည်းပညာများ၊ ကာလတိုချေးငွေများ ဆောင်ရွက်ပေးရန်လိုအပ်လျက် ရှိပြီး၊ထွက်ရှိသည့်သီးနှံများလည်း ရောင်းချရာတွင် ကောင်းမွန်သည့် ဈေးကွက်စနစ်တစ်ခုရရှိနိုင် မှသာ ပြည်တွင်းထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချ နိုင်ခြင်းဖြင့် ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးလာ နိုင်ပါသည်။

နောင်လိုင်ကျေးရွာသည် နွား၊ ဒေသကြက်၊ ဒေသဝက်စသည်တို့ မွေးမြူထား ရှိသော်လည်း စာကျက်မြေနှင့် တိရိစ္ဆာန်မျိုးစိတ်များရရှိနိုင်မှု အခြေအနေမှာအသင့် အတင့်အနေအထားတွင် ရှိပြီး၊တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူနိုင်ရန်အတွက် ကာလတိုချေးငွေ များဆောင်ရွက်ပေးမည် ဆိုပါက မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

နောင်လိုင်ကျေးရွာသူ/သားများသည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး၊ လက်သမား၊ပန်းရံလုပ်ငန်းများ လုပ်ကိုင်သူများသာရှိ သည်။ အခြားသောဝင်ငွေရလုပ်ကိုင်နေမှုမရှိသလောက် ရှားပါးသည်။ လျှပ်စစ်မီးမရရှိသဖြင့် အခြားသောအသက်မွေးဝမ်းကြောင်းလမ်းငန်းများ၊အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုနည်းပါးနေ ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာအရှေ့ဘက် ပတ်ဝန်းကျင်ရှိ သစ်တောများတွင် အင်ကြင်း၊အင်ဖက်ပင်များ တွေ့ရှိပြီး၊ကျေးရွာသည်လျှပ်စစ်မီးမရရှိသဖြင့် ထင်းအဖြစ်ခုတ်ယူခြင်း၊ရောင်းချခြင်းများပြုလုပ်ခဲ့ရာ သစ်တောမှာ အတော်အသင့်ပြုန်းတီးနေသည့် နေအထားတွင်ရှိသည်။ ကျေးရွာအနေဖြင့် သဘာဝ ပတ်ဝန်းကျင် သစ်တောထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများနည်းပါးနေသော်လည်း ၂၀၁၂ နောက် ပိုင်းတွင် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ ကျေးရွာမှပိုမိုဆောင်ရွက်လာခဲ့ပါသည်။ သစ်တော အတွင်း တိရိစ္ဆာန်မျိုးစိတ် များ တွေ့ရှိရမှုနည်းပါးပါသည်။

(ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

နောင်လိုင်ကျေးရွာအနေဖြင့် ဘဏ်နှင့်ငွေကြေး ဆိုင်ရာဝန်ဆောင်မှုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုရေး ဘဏ်မှစိုက်ပျိုးစရိတ်ချေးငွေများသော်လည်းကောင်း၊ မိတ်ဆွေ(ဆွေမျိုး)များထံသော်လည်းကောင်း ငွေပေးချေးသူထံတွင်လည်းကောင်း စိုက်ပျိုရေးလုပ်ငန်းလည်ပတ်နိုင်ရေးအတွက်ချေးယူနေကြပါသည်။လယ်ယာလုပ်ဆိုင်ရာစက်ကိရိယာများ ရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ မြစိမ်းရောင်ကဲ့သို့သော ကာလတိုချေးငွေစီမံကိန်းများဖြင့် စိုက်ပျိုးရာသီ အချိန်မှီဆောင်ရွက်ပေးနိုင် မည်ဆိုပါကသီးနှံများပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ပြီး မိသားစုဝင်ငွေများပိုမိုရရှိ လာနိုင်မည်ဖြစ်ပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

နောင်လိုင်ကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်းရှိသည့်အတွက် စာတတ်မြောက်မှုမှာ အတင့်အသင့် အနေအထားတွင်ရှိပါသည်။မူလတန်းကျောင်းနေဦးရေ(၁၇၃)ဦး၊အလယ်တန်းကျောင်းနေဦးရေ(၁၃၀)ဦး၊ အထက်တန်းကျောင်းနေဦးရေ(၁၁၆)ဦး၊ တက္ကသိုလ်ကျောင်းနေဦးရေ(၅၅)ဦး ထိရှိပါ သည်။

ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမားရေးဌာန(ခွဲ)ရှိပြီး၊ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းမှလည်း ကျန်းမာရေးဆိုင်ရာကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ထိုးနှံပေးပါသည်။

သောက်သုံးရေအနေဖြင့် ကျေးရွာရှိအိမ်ခြေတိုင်းတွင် ကိုယ်ပိုင်တွင်းရေကိုသာ အဓိကထား သောက်သုံးနေကြပြီး၊ တစ်နှစ်ပတ်ရေလုံလောက်မှုရှိပါသည်။ ရေအရည်အသွေးစမ်းသပ် စစ်ဆေးထာခြင်းနည်းပါးပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအနေဖြင့် ကယားတိုင်းရင်းသားလူမျိုး ဝတ်စုံးများ၊ရိုးရာဓလေ့အကများ နှစ်စဉ်ခရစ္စမတ်ပွဲ၊ အမျိုးသား/ရိုးရာပွဲနေ့များတွင် ရိုးရာဓလေ့ထုံးစံများ ဝတ်စား ဆင်ယင်ကြပါသည်။ ကျေးရွာတွင်းဖွံ့ဖြိုရေးလုပ်ငန်းများ၊ ရွာတွင်းသာရေး/နာရေးပွဲများ တွင်လည်း ပါ ဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

နောင်လိုင်ကျေးရွာသည် လွိုင်ကော် - တုံဟုံး- ညောင်ရွေ ပြည်ထောင်စု ကားလမ်းမဘေးတွင်ရှိပါ သည်။ရွာတွင်းတွင် Box Culvert (၁)စင်းနှင့် ရေပြွန်(၃)စင်း ရှိပါသည်။ကျေးရွာအနေဖြင့်လည်း လျှပ်စစ်မီးမရရှိ၍ ကိုယ်ထူကိုယ်ထဝယ်.ယူသောဆိုလာများဖြင့် အသုံးပြုပါသည်။

ဆက်သွယ်ရေးအနေဖြင့် MPT၊ Telenor ဖုန်းလိုင်းကို သုံးစွဲကြပါသည်။ အိမ်အနည်းစုမှာ တီဗွီ၊စလောင်းများရှိ၍ သတင်းစာနှင့် ဂျာနယ်ရောက်ရှိမှုမှာ နည်းပါးပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာတွင်းတွင် မှုခင်းဖြစ်ပွားမှု ကြိုးကြိုးမားမားမရှိပါ။ ကျေးရွာအတွင်းရဲစခန်းမရှိပါ။ ရာဇဝတ်မှုများမရှိတစ်လောက်ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ဖယ်ခုံမြို့မရဲစခန်းသို့ ဆက်သွယ်ကြပါသည်။

(ဉ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် ရေအလုံအလောက်ရရှိနိုင်ခြင်း၊ မြေနေရာများရှိခြင်း၊ ရာသီဥတုအတင့်အသင့်ရှိခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းပညာများ စမ်းသပ်စိုက်ပျိုးခြင်း အလေ့အကျင့်ကောင်းများရှိခြင်း တို့ကြောင့်ဈေး ကွက်တွင်ဈေးကောင်းရရှိနိုင်မည့် သီးနှံများချဲ့ထွင် စိုက်ပျိုးနိုင်သည့်အခြေအနေကောင်းများလည်း ရှိပါသည်။ထိုအပြင် လမ်းပန်းဆက်သွယ် ရေးလည်းကောင်းမွန်ပြီး။သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုများရရှိရန် အခက်အခဲမရှိသည့် ကျေးရွာဖြစ်ပါသည်။

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားမှာ စိုက်ပျိုးရာသီချိန်တွင် ငွေကြေးမလုံလောက်ခြင်း၊မိုးရွာသွန်းမှုနောက်ကျ၍ နောက်ကျမှစိုက်ပျိုးရခြင်း၊ ပွဲစားများထံ စိုက်ပျိုးစရိတ်များချေးယူရသည့် အတွက် ရိတ်သိမ်းချိန်တွင် အဆိုပါပွဲစားများထံ ဈေးနှိမ့်၍ ပြန်သွင်းရခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ ပိုင်းဆိုင်ရာဗဟုသုတများနည်းပါးခြင်း၊ ရိတ်သိမ်းရာသီချိန်တွင် ဈေးကွက်မရှိခြင်းတို့ကြောင့် ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့်လည်းအဓိကအဟန့်အတားမှာ ဒေသမျိုးစိတ်များကိုးသာအားထားပြီး မွေးမြူနေသည့်အတွက် တစ်ခြားသောအသားတိုးမျိုးစိတ်များမွေးမြူနိုင်ရန် ချေးငွေများ၊ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတများ၊ ဈေးကွက်ကောင်းများရရှိနိုင်ရေးတို့အတွက် အဓိကစိန်ခေါ်မှုများဖြစ်ပါသည်။

ဒေသတွင်း ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများဖြင့် လာရောက်ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏ လိုအပ်ချက်များအား ထိရောက်စွာဖြည့်စီးနိုင်မည့် အစီအစဉ်မျိုးရရှိရန် လိုအပ်လျက်ရှိနေသေးပါသည်။

(ဌ) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်တော်/ကျွန်မတို့ ကျေးရွာသူ/သားများသည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များချမှတ်ရာတွင် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သော ဝန်ထမ်းအဖွဲ့များနှင့် တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ၊အခြားသောအသက်မွေးဝမ်းကျောင်းဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေများတိုးပွားလာရေး၊

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ကျေးရွာသူ/သားများလက်လှမ်းမီအသုံးပြုနိုင်သော အခြေခံအဆောက်အဦကောင်းများ ပိုင်ဆိုင်သည့်ကျေးရွာဖြစ်လာရေး၊

(၃) ရေရည်တည်တံ့ဖွံ့ဖြိုးရေးအတွက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလေ့အကျင့်ကောင်းပိုင်ဆိုင်သည့် ကျေးရွာဖြစ်လာရေး၊

(၄) ကျေးရွာလူထုမှ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘက်ပေါင်းစုံစုပေါင်းဖော်ထုတ်ပြီး၊ လူထုကိုယ်တိုင်စနစ်တကျစီမံခန့်ခွဲ ပူးပေါင်းလုပ်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများပိုင်ဆိုင်သည့် ကျေးရွာဖြစ်လာစေရေး၊

(၅) သဘာဝသေးအန္တရာယ်များကျရောက်ပါကကျေးရွာလူထုတုန့်ပြန်မှုအားကောင်းသောကျေးရွာဖြစ်လာစေရေး

(ခ) နည်းဗျူဟာ

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊လူမှုအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ပြင်ပမှ နည်းပညာ၊ငွေကြေးစသည့်အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ကော်မတီများဖြင့် လည်းညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ဒေသရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် ထောပတ်၊ သရက်၊ ငှက်ပျောကဲ့သို့သော အပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များ ရရှိ၍ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဗဟုသုတများရရှိနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ဈေးကွက်လိုအပ်ချက်ဖြစ်သော တန်းဖိုးမြင့်အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်အထိ နည်းပညာရရှိရေး၊ တွင်းအားစုများရရှိရေးကို အစိုးရ ဌာနဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ဆက်သွယ် ဆောင်ရွက်သွား မည်။

(၃) ထို့အပြင် ကွဲ၊ နွား၊ တိရိစ္ဆာများ စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက် ရေရှည်စီမံ ချက်များချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

(၄) ကျေးရွာလူထုများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရေးအတွက် သီးနှံ နှင့်မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများ တည်ထောင်ခြင်းစသော ဝန်ဆောင်မှုများတို့ကို လုပ်ကိုင်နိုင်ရန် ကျေး

ရွာလူထုအတွက် စွမ်းဆောင်ရည်မြင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရရှိအောင် မြို့နယ်ဌာနဆိုင်ရာ များသို့ ဆက်လက်တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏ အကူအညီများရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးတက်လာရေး၊ ရေနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးရွာသန့်ရှင်းရေး လုပ်ငန်းတို့အတွက် ရေရှည်စီမံ ချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အခြား သက်ဆိုင်ရာကော်မတီတို့နှင့်ပူးပေါင်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(၆) မြေဧလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိ သဘာဝပေါက်ပင်များနှင့်သစ်တောများ ဖြန်းတီး မှုလျော့ချရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၏ အကူအညီယူ၍ နည်းပညာပိုင်းဆိုင်ရာသင်တန်းများရယူခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဆောင်ရွက်သွားမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏လိုအပ်ချက်များ နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်အထိ ပံ့ပိုးကူညီမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

အစိုးရဌာနဆိုင် ရာများနှင့်ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းအဖွဲ့တို့၏ အကြံ ပြုချက်များအရ ဖော်ပြထားပါသည်။ အဆိုပါအဖွဲ့အစည်းများက ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အကူအညီများတောင်းခံနိုင်ရန် ဆက်သွယ်ရမည့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်အထိ အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုသည် သီးနှံတိုးတက်ထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင်နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေး၊ ယင်းသီးနှံများအား မိရိုးဖလာနည်းကျမဟုတ်ဘဲ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ သိုလှောင်သိမ်းစည်းမှု၊ သီးနှံများထုပ်ပိုးထားရှိမှုဆိုင်ရာ နည်းပညာများ ထုတ်ကုန်များအား ကုန်ချောထုတ်လုပ်မှု ဆိုင်ရာနည်းပညာများစသည်တို့အား တတ်ကျွမ်းနားလည်ရေးနှင့်အသုံးချနိုင်ရေးအတွက် လိုအပ်လျက်ရှိပါသည်။ လက်ရှိစိုက်ပျိုးနေသည့် သီးနှံများလည်း အထွက်နှုန်းများတိုးပွားလာစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတများလည်း လိုအပ်လျက်ရှိပါသည်။ ထို့အပြင်မွေးမြူရေးကဏ္ဍတွင်လည်း တိရိစ္ဆာန် ရောဂါကာကွယ်ကုသရေး၊ ခြံလှောင်စနစ်ဖြင့် တပိုင်တနိုင် မွေးမြူရေးနည်းပညာ

များ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအတွက် နည်းပညာများလည်း လိုအပ်ပါမည်။ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းများအနေဖြင့်လည်း အထက်ဖော်ပြပါကိစ္စများအတွက် ကျေးရွာလူထု၏ လိုအပ်ချက်များအား ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်မည့် အစီအစဉ်များလည်း လိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်ရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေး

မြို့နယ်အဆင့်တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုသာ ကျေးရွာထုတ်ကုန်နှင့်ဝန်ဆောင်မှုများအတွက် ကုန်စည်စီးဆင်းမှုများ ကောင်းမွန်လာမည်ဖြစ်ပါသည်။ ထိုကြောင့် စိုက်ပျိုးထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးသွင်းအားစုများ ရောင်းဝယ်ဖောက်ကားရေး၊ ထုတ်ကုန်များသိုလှောင်ရေး၊ ကောင်းမွန်သော ဈေးကွက်စီးပွားရေးစနစ်တို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးရန် အခြေအနေကောင်းများ ဖန်တီးနိုင်မည် မူဝါဒများလည်းလိုအပ်ပါမည်။

(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ချေးငွေလုပ်ငန်းများအနေဖြင့် ဆင်းရဲသည် တောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောစိုက်ပျိုးရေးချေးငွေများအတွက် ကာလတို၊ကာလရှည်စီမံကိန်းများချမှတ်ဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် လယ်သမားများ အသေးစားလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေများလည်းလိုအပ်ပါသည်။

(င) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင် မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိ ပူးပေါင်းပါဝင်ဆောင်ရွက် ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက် အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

(စ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည့် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချန်တွင် စီစစ်ရွေးချယ် ထား သည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာ ချိန်တွင်စီမံကိန်း ငါးနှစ်တာ ကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင် ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေး အန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာ သည်အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ် သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးန္တရာယ်၊ အခြားအရေးေပါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦး

စားပေးအစီအစဉ်များ ကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက် ၄င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ် သုံးသပခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍတွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားဖြစ်သည် ကိုဖော်ပြခြင်းဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်းအသုံစရိတ်(Capital Investment)ဥပမာ-ဆောက်လုပ်ရေး ပစ္စည်းများနှင့်ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး(CapacityBuilding)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု(ငွေကြေးရင်းနှီးမြုပ်နှံမှုများနှင့်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများပေါင်းစပ်လျက်)

(၄) လူသားချင်း စာနာမှုအထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၆)စုထဲမှ(၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရ ဌာနများနှင့် အခြားအဖွဲ့အစည်းများတို့မှ ရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်များ

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်းနှင့်ဖော်ပြချက်	မှတ်ချက်
ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	ခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း။	ကျေးရွာပြည်သူများ စနစ်တကျစုစည်းဟောပြောခြင်း၊သာရေး၊နာရေးစသည့်အခမ်းအနားများပြုလုပ်နိုင်ရန်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။	ကျေးလက်ဦးစီး
ရွာတွင်းသွားလမ်းကျောက်ခင်းခြင်း	ကျေးရွာတွင်းလမ်းပေ(၂၀၀၀)ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း။	• ကျေးရွာတွင်းလမ်းများကောင်းမွန်ပြီးရာသီမရွေးသွားလာရအဆင်ပြေစေရေး • ကျေးရွာမှ ကုန်ပစ္စည်းများသယ်ယူရာတွင် ပိုမိုအဆင်ပြေစေရေး၊ • ကျေးလက်ဦးစီးနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများချိတ် ဆက်ဆောင်ရွက်ခြင်း။	ကျေးလက်ဦးစီး
အင်းရေမှသောက်သုံးရေအတွက်အမြင့်တင်လုပ်ငန်း	သောက်သုံးရေးများလုံလောက်စွာရရှိရေး။	ကျေးရွာရှိအိမ်ထောင်စုများအားလုံး သောက်သုံးရေးများလုံလောက်စွာရရှိရန် • ကျေးလက်ဦးစီးနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ • နှင့်ချိတ်ဆက်ဆောင်ရွက်ရန်။	

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်းနှင့်ဖော်ပြချက်	မှတ်ချက်
လျှပ်စစ်မီးရရှိရေး	ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် အစိုးရဌာနနှင့်ချိတ်ဆက် အဆိုပြုတောင်းခံရေး။	• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်၊ • ဖယ်ခုံမြို့နယ်မှ လျှပ်စစ်ဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန်၊ • ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊	
လယ်/ယာမြေ ပုံစံ(၇)ရရှိရေး	ကျေးရွာပြည်သူပိုင်လယ်ယာမြေများ ပုံစံ(၇)ရရှိရန်	• ကျေးရွာရှိ လယ်ယာမြေပိုင်ရှင်များအား အစည်းအဝေးဖိတ်ခေါ်ပြီး ဆွေးနွေးခြင်း၊ စိုက်ပျိုးရေးစရိတ်ချေးငွေများရယူနိုင်ပြီးလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ခြင်း။ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ဆောင်ရွက်ခြင်း။	
စိုက်ပျိုးရေးပညာပေးသင်တန်း	စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရေး	• စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်နိုင် ရေး၊ • စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးအတွက် မျိုးစေ့ကောင်းများရရှိနိုင်ရေး၊ • မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊	

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်းနှင့်ဖော်ပြချက်	မှတ်ချက်
မူကြိုကျောင်းအုတ်တံတိုင်းကာရံခြင်း	မူကြိုကျောင်းအုတ်တံတိုင်းကာရံခြင်း လုပ်ငန်း။	• ကျေးရွာရှိ ကလေးငယ်များ စနစ်တကျနေထိုင်နိုင်ရန်နှင့် လိမ္မာရေးချားရှိစေရန်။ မိဘများလုပ်ငန်းခွင်တွင် ပိုမိုအလုပ်လုပ်နိုင်ရန်။ • သက်ဆိုင်သောဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။	
စာကြည့်တိုက်ထားရှိရန်	စာကြည့်တိုက်ရရှိရေး	• ကျေးရွာ ရှိရွာသူ/သားများ၊လူငယ်လူရွယ်များ အသိအမြင်ဗဟုသုတများရရှိစေရန်၊ • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်သွားရန်။	
မြစိမ်းရောင်ရင်းနှီးမတည်ငွေရရှိရေး	မြစိမ်းရောင်စီမံကိန်းရန်ပုံငွေရရှိရေး။	• ငွေကြေးအရင်းအနှီးလိုအပ်မှုများ ရရှိရန်နှင့် လုပ်ငန်းများပိုမိုဆောင်ရွက်လာနိုင်ရန် • အတိုးများနှင့်ချေးယူခြင်းမှ ကာကွယ်နိုင်ရန် • မြို့နယ်ကျေးလက်ဦးစီးဌာန၊ငွေကြေးထောက်ပံ့ မှုရှိသောအခြားအဖွဲ့အစည်းများချိတ်ဆက်ဆောင်ရွက်ခြင်း။	

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်းနှင့်ဖော်ပြချက်	မှတ်ချက်
မွေးမြူရေးသင်တန်း	မွေးမြူရေးဆိုင်ရာနည်းပညာပေး သင်တန်းများဖွင့်လှစ်နိုင်ရေး	• မွေးမြူရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရေး၊ • မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေး၊ပြုစုပျိုးထောင်ရေး စနစ်တကျဆောက်ရွက်နိုင်ခြင်း • မြို့နယ် မွေး/ကုဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊	
ဌာနဆိုင်ရာနှင့်ပတ်သက်သည့် ပညာပေးသင်တန်း	ဌာနဆိုင်ရာများ၏ လုပ်ငန်းများသိရှိ ရန်နှင့် စနစ်တကျဆက်သွယ်ဆောင် ရွက်တတ်ရန်၊	ဌာနဆိုင်ရာများ၏ လုပ်ငန်းများသိရှိ ရန်နှင့် စနစ်တကျဆက်သွယ်ဆောင် • ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊	
အားကစားကွင်းပြုပြင်ရန်	အားကစားကွင်းအသစ်ဖော်ရန်နှင့် အားစားအထောက်အကူပြုပစ္စည်း များရရှိရေး၊	• လူငယ်များကိုယ်ကာယကြံ့ခိုင်ရေးနှင့်ကျန်းမာသန် စွမ်းရေး၊ စနစ်ကျသောအားကစားကွင်းရရှိခြင်း • မြို့နယ်အား/ကာနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊	
ကျောင်းဆရာ/မများအတွက် အိမ်ရာများရရှိရေး	အိမ်ရာများရရှိရေး	• စာသင်ကျောင်းရှိ ကျောင်းဆရာ/မများ နေရာထိုင်ခင်း ပိုမိုစိုပြေစေရန်၊ • မြို့နယ်ပညာရေးဦးစီးဌာနနှင့်သက်ဆိုင်ရာအဖွဲ့ အစည်းများတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါ သည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအတိုင်း အခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်(Project)	ဦးစား ပေး အဆင့်	၂၀၁၈ ၂၀၁၉	၂၀၁၉ ၂၀၂၀	၂၀၂၀ ၂၀၂၁	၂၀၂၁ ၂၀၂၂	၂၀၂၂ ၂၀၂၃	
၁	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း၊	၁				✓		
၂	ကျေးရွာတွင်းသွားလမ်း(၂၀၀၀)ပေ ကျောက်ခင်းခြင်း၊	၂	✓					
၃	ကျေးရွာရေရှိရေးလုပ်ငန်း ၊	၃		✓				
၄	လျှပ်စစ်မီးရရှိရေး၊	၄				✓		
၅	လယ်/ယာပုံစံ(၇)ရရှိရေး၊	၅			✓			
၆	စိုက်ပျိုးရေးပညာပေးသင်တန်း၊	၆		✓				
၇	မူကြိုကျောင်းအုတ်တံတိုင်း၊	၇	✓					
၈	စာကြည့်တိုက်ထားရှိရန်	၈					✓	
၉	မြစိမ်းရောင်စီမံကိန်းကဲ့သို့သော စီမံကိန်းများရရှိရေး၊	၉			✓			
၁၀	မွေးမြူရေးဆိုင်နည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး၊	၁၀		✓				
၁၁	ဌာနဆိုင်ရာနှင့်ပတ်သက်သည့် ပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊	၁၁	✓					
၁၂	အားကစားကွင်း ပြုပြင်ရန်၊	၁၂					✓	
၁၃	ဆရာ/မ နေအိမ်ဆောက်လုပ်ရန်	၁၃			✓			

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

